## မြက်ကလုံး၊ တလိုင်းခေါင်းမြက်


Scientific name - *Scirpus juncoides* Roxb.

Common name - Bulrush

Family - Cyperaceae








အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံပင်ပျော့မျိုးဖြစ်သည်။ မြေအောက်ပင်စည်မပါဘဲ အပင်စုလေးများ ဖြစ်နေသည်။ ပင်စည်သည် ထောင်မတ်ပြီး အပင်အမြင့်မှာ ၁၅ - ၇၀ စင်တီမီတာရှိသည်။ ပင်စည်လုံး၍ သေးရှည်သည်။ ထိုပင်စည်လုံးပေါ်တွင် ထပ်ဆင့်ပန်းခိုင် ၁ - ၁၂ ခု တွေ့ရပြီး ဘဲဥပုံရှိ၍ ကိုင်းမဖြာပါ။ ကောက်ရိုးရောင်ရှိ ပြွတ်သိပ်သောပန်းပွင့်များ ပါရှိသည်။ ပွင့်ညှာမဲ့ ပန်းခိုင်သည် ရှည်ပြီး ကျယ်သည်။ ပွင့်ခံရွက်သည် ထောင်မတ်သည်။ အရွက်အနည်းငယ်သာရှိပြီး အောက်ခြေမှထွက်သည်။ အသီးသည် အညို သို့မဟုတ် အနက်ရောင် တစ်စေ့သီး ဖြစ်ပြီး ကျယ်ပြန့်သောဥပုံစံ ရှိသည်။ ထောင့်သုံးခု ပါသည်။ အစေ့အားဖြင့် မျိုးပွားသည်။